# လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်ရာတွင် ပါဝင်သည့် လုပ်ထုံးလုပ်နည်းများ



## ပြည်သူအားလုံး ပါဝင်တဲ့ လူထုဆက်သွယ်ရေးကွန်ရက်

### အသုံးပြုမည့် နည်းလမ်းများ

- လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ခွင့်ရခြင်း
- လူထုကိုယ်တိုင် လိုအပ်ချက်များကို တင်ပြခွင့်ရခြင်း
- လူထုကိုယ်တိုင် ဦးဆောင်အကောင်အထည်ဖော်ခွင့်ရခြင်း

လူထုဗဟိုပြုနည်းလမ်းကို အသုံးပြု၍ အကောင်အထည်ဖော်မည်ဖြစ်သည့်အတွက် လူထုကိုယ်တိုင် ဦးဆောင်၊ ပါဝင် အကောင်အထည်ဖော်ခွင့်ရမည် ဖြစ်သကဲ့သို့ လူထု၏ လုပ်ဆောင်နိုင်စွမ်းများ တိုးတက်လာစေရန်လည်း လေ့ကျင့်ပေးမည် ဖြစ်သည်။ အကောင်အထည်ဖော်ပြီးနောက် ရရှိလာသည့် ရလဒ်များကို ပြန်လည် ဆန်းစစ်ခြင်းအားဖြင့် စီမံကိန်း အကျိုးခံစားခွင့်ရသူအားလုံးအတွက် အမှန်တကယ် ထိရောက်မှု ရှိ မရှိ တိုင်းတာနိုင်မည် ဖြစ်သည်။


ဆက်သွယ်ရန်

ရုံးအမှတ် ၃၆၊ လူထုဗဟိုပြုစီမံကိန်း ရုံးအဖွဲ့၊
ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
နေပြည်တော်၊ မြန်မာ။
တယ်လီဖုန်း၊ ဖက်စ် + ၉၅ ၆၇ ၄၁၈၆၂၄။ www.cdd.drdmyanmar.org





လူထုဗဟိုပြုစီမံကိန်း (CDD Project) အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လူထုကိုယ်တိုင် ဦးဆောင်ပါဝင် ဆုံးဖြတ် ဆောင်ရွက်သည့် နည်းလမ်းကို အသုံးပြုမည် ဖြစ်ပါသည်။

စီမံကိန်း အကောင်အထည်ဖော်ခြင်း နည်းလမ်းများအနက် ကျေးရွာလူထုအတွက် အသင့်တော်ဆုံးဖြစ်မည့် နည်းလမ်းများအား ရွေးချယ်၍ ပိုမိုကောင်းမွန်အောင် ဖန်တီးပေးခြင်းဖြင့်

- ကျေးရွာလူထုကိုယ်တိုင် ကျေးရွာ၏ လိုအပ်ချက်များကို လေ့လာ သုံးသပ်ခြင်း၊
- ထိုလိုအပ်ချက်များကို အထိရောက်ဆုံး ဖြည့်ဆည်းနိုင်ရေးအတွက် အရေးကြီးသည့် ကိစ္စရပ်များကို ဦးစားပေး စီစဉ်ဆောင်ရွက်နိုင်ခြင်း စသည်တို့ကို ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

လူထုဗဟိုပြု စီမံကိန်း

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

### ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန



"ကျေးလက်လူထု အခြေပြု ဖွံ့ဖြိုးမှုကို တို့ရှေးရှု"

# လူထု ဗဟိုပြု စီမံကိန်း

၂၀၁၈